**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အကောက်ခွန်ဦးစီးဌာန**

**ရုံးတွင်းညွှန်ကြားလွှာအမှတ် (၁/၂၀၁၇)**

အကြောင်းအရာ။ **ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ဆောင်ရွက်ခြင်း (Advance Ruling on Classification) ဆိုင်ရာ လိုက်နာဆောင်ရွက်ရမည့် ညွှန်ကြားချက်များ (Standard Operational Procedures (SOPs))**

ရည်ညွှန်းချက်။
(၁) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၄-၁၀-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၅၀/၂၀၁၆)
(၂) အကောက်ခွန်ဦးစီးဌာန၏ ၂၈-၁၀-၂၀၁၆ ရက်စွဲပါ ရုံးတွင်းညွှန်ကြားလွှာ အမှတ် (၃၀/၂၀၁၆)

၁။ အကောက်ခွန်ဦးစီးဌာနသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ဆောင်ရွက်ခြင်း (Advance Ruling on Classification-ARC) အား အကောင်အထည်ဖော်ကျင့်သုံးရန်အတွက် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ဆောင်ရွက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းအား ပင်လယ်ကြောင်းအကောက်ခွန်အက်ဥပဒေပုဒ်မ ၂၀၄ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံးလျက် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါလုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အကောက်ခွန်အရာရှိများ သိရှိလိုက်နာဆောင်ရွက်ရမည့် အသေးစိတ်ညွှန်ကြားချက်များအား ဤရုံးတွင်းညွှန်ကြားလွှာဖြင့် ပြဋ္ဌာန်းလိုက်သည်။

**လျှောက်လွှာထုတ်ယူခြင်း**

၂။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ဆောင်ရွက်သည့် လျှောက်လွှာ (Advance Ruling on Classification Form-ARC Form) အား Myanmar Customs Website မှ ဖြစ်စေ၊ ပြည်သူ့ဆက်ဆံရေးဌာနစိတ်မှ ဖြစ်စေ ရယူနိုင်ပါသည်။

**လျှောက်ထားလွှာအား စိစစ်လက်ခံခြင်း**

၃။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ဆောင်ရွက်သည့် လျှောက်လွှာ (Advance Ruling on Classification Form-ARC Form) အား အောက်ပါအတိုင်း လက်ခံဆောင်ရွက်ရမည်-

(က) လျှောက်လွှာ (ARC Form) လက်ခံမည့်နေရာတွင် လျှောက်ထားမှတ်ပုံတင်စာရင်းစာအုပ် (Register Book) (၁) အုပ် ထားရှိရမည်။ ယင်းမှတ်ပုံတင်စာအုပ်တွင် ပါဝင်ရမည့် အချက်အလက်များအား **နောက်ဆက်တွဲ(က)** ဖြင့် ဖော်ပြထားပါသည်။

(ခ) လျှောက်လွှာ (ARC Form) တွင် ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်ထားခြင်း ရှိ/ မရှိ စိစစ်ရမည်။

(ဂ) ARC Form (မူရင်း၊ မိတ္တူ) နှင့်အတူ တင်ပြရန် လိုအပ်သော စာရွက်စာတမ်း၊ အထောက်အထားများ (Supporting Documents)၊ ဓါတ်ပုံ၊ ရုပ်ပုံ၊ လက်ကမ်းစာစောင် (Pamphlets)၊ ကတ်တလောက် (Catalogue) (သို့မဟုတ်) ကုန်ပစ္စည်းနမူနာ (Sample) စသည်တို့ ပူးတွဲထားခြင်း ရှိ/ မရှိ စိစစ်ရမည်။

(ဃ) လျှောက်လွှာတွင် ဖြည့်စွက်ထားသည်များ ပြည့်စုံမှု မရှိခြင်း (သို့မဟုတ်) ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း၊ အထောက်အထားများ လိုအပ်ခြင်း (သို့မဟုတ်) ကုန်ပစ္စည်းနမူနာများ လိုအပ်မှု ရှိပါက လျှောက်ထားသူထံ တောင်းခံရမည်။ အဆိုပါအချက်အလက်များ တင်ပြခြင်း မပြုသေးလျှင် လျှောက်လွှာကို လက်ခံဆောင်ရွက်ခြင်း မပြုရ။

(င) ကုန်ပစ္စည်းတစ်မျိုးအတွက် လျှောက်လွှာ တစ်စောင်စီ တင်ပြရမည်။

(စ) လျှောက်လွှာလက်ခံသည့် အရာရှိသည် လျှောက်ထားလာသည့် ကုန်ပစ္စည်းအား စိစစ်၍ အောက်ဖော်ပြပါ အချက်အလက်များနှင့် ကိုက်ညီပါက ယင်းလျှောက်လွှာအား လက်ခံဆောင်ရွက်ခြင်း မပြုရ-

(၁) သုံးနှစ်အတွင်း လျှောက်ထားဖြေကြားချက်နှင့် တစ်ထပ်တည်း တူညီသော ကုန်ပစ္စည်းများ၊

(၂) အကောက်ခွန် Website တွင် ဖော်ပြထားသော ကုန်ပစ္စည်းများ၊

(၃) လျှောက်ထားသူကုမ္ပဏီနှင့် အကောက်ခွန်ဦးစီးဌာနတို့အကြား အငြင်းပွားမှု ရှိပြီး ပြီးပြတ်အောင် ဆောင်ရွက်မှု မရှိသေးသည့် ကုန်ပစ္စည်းများ၊

(၄) တည်ဆဲဥပဒေအရ တားမြစ်ပိတ်ပင်ထားသော ကုန်ပစ္စည်းများ၊

(ဆ) ပြည့်စုံမှန်ကန်သည့် လျှောက်လွှာများအတွက် မှတ်ပုံတင်စာရင်းစာအုပ်တွင် ဖြည့်သွင်းပြီး မှတ်ပုံတင်အမှတ် (Registration No.) တစ်ခုသတ်မှတ်၍ ယင်းမှတ်ပုံတင်အမှတ်အား လျှောက်ထားသူထံ ပေးရမည်။

(ဇ) မှတ်ပုံတင်အမှတ် (Registration No.) များအား ရုံးချုပ်နှင့် နယ်မြေများအလိုက် Local Area Code များဖြင့် သတ်မှတ်ပေးရမည်။ ရုံးချုပ်နှင့် နယ်မြေများ၏ Local Area Code များအား **နောက်ဆက်တွဲ(ခ)** ဖြင့် ဖော်ပြထားပါသည်။

(ဈ) နယ်မြေအကောက်ခွန်ရုံးများအနေဖြင့် အထက်ဖော်ပြပါ အချက်အလက်များအတိုင်း စိစစ်လက်ခံပြီး၊ လျှောက်လွှာလက်ခံရရှိသည့်နေ့မှ စ၍ (၅) ရက်အတွင်း ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ်(ရုံးချုပ်)သို့ ပေးပို့ရမည်။

**လျှောက်ထားလာသော ကုန်ပစ္စည်းအား အမျိုးအစားခွဲခြားသတ်မှတ်စိစစ်ခြင်းနှင့် ပြန်ကြားခြင်း**

၄။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ်(ရုံးချုပ်)သည် လျှောက်လွှာ (Advance Ruling on Classification Form-ARC Form) အား အောက်ပါအတိုင်း လက်ခံဆောင်ရွက်ရမည်-

(က) ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ်(ရုံးချုပ်)၊ တာဝန်ခံအရာရှိသည် ARC Form အား ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ရန်အတွက် သက်ဆိုင်ရာ အရာရှိများကို တာဝန်ခွဲဝေပေးရမည်။

(ခ) သက်ဆိုင်ရာအရာရှိသည် HS Code စိစစ်ပြီး ရှင်းလင်းချက်နှင့်အတူ တာဝန်ခံ အရာရှိထံသို့ ပြန်လည်တင်ပြရမည်။

(ဂ) ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ဆောင်ရွက်နေစဉ် ကာလအတွင်း ယခင်တင်ပြခဲ့သည့် စာရွက်စာတမ်း၊ အထောက်အထားများ အပြင် ပိုမိုပြည့်စုံသည့် အချက်အလက်များ တင်ပြရန် လိုအပ်သော ကိစ္စရပ်များ တွင် လျှောက်ထားသူထံ ထပ်မံတောင်းခံရမည်။

(ဃ) လိုအပ်သော အချက်အလက်များ ထပ်မံတောင်းခံပါက တောင်းခံသည့်နေ့မှ စ၍ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ်(ရုံးချုပ်)က လက်ခံရရှိသည့် နေ့အထိ ကြာမြင့်ချိန်ကို ရက်ပေါင်း(၃၀) တွင် ထည့်သွင်းရေတွက်ခြင်း မပြုရ။

(င) ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြည့်စုံသော လျှောက်လွှာ၊ စာရွက်စာတမ်းများနှင့် နမူနာပစ္စည်းများ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ပြန်ကြားပေးရမည်။ ရက်ပေါင်း(၃၀)ထက် ကြာမြင့်နိုင်ပါက လျှောက်ထားသူအား ကြိုတင်အသိပေးရမည်။

(စ) တာဝန်ခံသည် သက်ဆိုင်ရာအရာရှိက တင်ပြလာသော ARC Form များအား ထပ်မံစိစစ်ပြီး အတည်ပြုပါက အတည်ပြု HS Code နှင့် ပြန်ကြားချက် အမှတ်စဉ် (Reply Reference No.)အား ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက် (ARC Form) တွင် ဖြည့်သွင်းကာ ကြိုတင်သတ်မှတ် ချက်အား လျှောက်ထားသူထံသို့ ထုတ်ပြန်ပေးရမည်။

(ဆ) အတည်ပြုပြီး ARC Form မူရင်းအား လျှောက်ထားသူထံသို့ ဖုန်း/ e-Mail/ Fax တို့ဖြင့် ဖြစ်စေ၊ စာဖြင့် ဖြစ်စေ၊ လူကိုယ်တိုင် လာရောက်ယူရန်ဖြစ်စေ အကြောင်း ကြားရမည်။

(ဇ) သက်ဆိုင်ရာအရာရှိသည် HS Code စိစစ်ပြန်ကြားပြီးသော စာရွက်စာတမ်း၊ အထောက်အထားများ၊ ကုန်ပစ္စည်းနမူနာများအား ပြန်ကြားချက်အမှတ်စဉ် (Reply Reference No.) ဖြည့်သွင်းကာ စနစ်တကျ သိမ်းဆည်းထားရှိရမည်။

(ဈ) နယ်မြေအကောက်ခွန်ရုံးများမှ ကုန်ပစ္စည်းအမျိုးအစား ခွဲခြားသတ်မှတ်ရန် ပေးပို့လာသည့် ARC Form များအား အတည်ပြု HS Code ဖြည့်သွင်း၍ ပူးတွဲပါ စာရွက်စာတမ်း၊ အထောက်အထားများ၊ ကုန်ပစ္စည်းနမူနာများနှင့်အတူ သက်ဆိုင်ရာ နယ်မြေအကောက်ခွန်ရုံးများသို့ ပြန်လည်ပေးပို့ရမည်။

(ည) နယ်မြေအကောက်ခွန်ရုံးများမှ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ် (ရုံးချုပ်)သို့ ပေးပို့လာသော ARC Form များအား အတည်ပြု HS Code ရရှိပါက သက်ဆိုင်ရာ နယ်မြေအကောက်ခွန်ရုံးများမှ တစ်ဆင့် မူလလျှောက်ထားသူထံသို့ ပေးပို့အကြောင်းကြားရမည်။

(ဋ) ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ်(ရုံးချုပ်)နှင့် နယ်မြေအကောက်ခွန်ရုံးများမှ ARC Form မိတ္တူ၊ စာရွက်စာတမ်း၊ အထောက်အထားများ (Supporting Documents)၊ ဓါတ်ပုံ၊ ရုပ်ပုံ၊ လက်ကမ်းစာစောင်(Pamphlets)၊ ကတ်တလောက် (Catalogue)၊ ကုန်ပစ္စည်းနမူနာ(Sample)များအား စနစ်တကျသိမ်းဆည်းထားရမည်။

(ဌ) စိစစ်ပြီးသော ARC Form မိတ္တူကို ရုံးလက်ခံအဖြစ် ကုန်ပစ္စည်းအမျိုးအစား ခွဲခြားခြင်းဌာနစိတ်(ရုံးချုပ်)နှင့် နယ်မြေအကောက်ခွန်ရုံးများတွင် (၇) နှစ် သိမ်းဆည်းထားရမည့်အပြင် Soft Copy အား Database တွင် ထည့်သွင်းသိမ်းဆည်းရမည်။

(ဍ) လျှောက်ထားသူကလည်း အကောက်ခွန်ဦးစီးဌာနမှ ထုတ်ပေးသော ARC Form မူရင်းကို လက်ခံရရှိသည့် နေ့မှစ၍ (၇) နှစ်အထိ ထိန်းသိမ်းထားရမည်။

(ဎ) အတည်ပြုပြီးသည့် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်များကို အကောက်ခွန်ဦးစီးဌာန Website တွင် ထုတ်ပြန်ရမည်။

(ဏ) လျှောက်ထားသူမှ အများပြည်သူသို့ အသိပေးခြင်း မပြုရန် တောင်းဆိုသည့် ကိစ္စရပ်များတွင် အကြောင်းပြန်ကြားသည့်နေ့မှစ၍ ရက်ပေါင်း(၁၈၀) အထိ ထုတ်ပြန်ခြင်း မပြုရ။ ရက်ပေါင်း (၁၈၀) ကျော်မှသာ ထုတ်ပြန်ရမည်။

**ပြန်လည်သုံးသပ်ခြင်း**

၄။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ် (ရုံးချုပ်)မှ သတ်မှတ်ထားသော HS Code နှင့်ပတ်သက်၍ ကျေနပ်မှု မရှိလျှင် အကောက်ခွန်ဦးစီးဌာနသို့ ပြန်လည်သုံးသပ်ရန်လျှောက်ထားလာပါက အောက်ပါအတိုင်း လက်ခံဆောင်ရွက်ရမည်-

(က) ပြန်လည်သုံးသပ်ရန် တောင်းဆိုသည့် ကိစ္စရပ်များတွင် အတည်ပြုပြီး ကုန်ပစ္စည်းအမျိုးအစားခွဲခြား သတ်မှတ်ချက်အား ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်ပြရမည်။

(ခ) ပြန်လည်သုံးသပ်ရန် လျှောက်လွှာကို ကြိုတင်သတ်မှတ်ချက် လက်ခံရရှိသည့်နေ့မှစ၍ ရက်ပေါင်း(၃၀)အတွင်း လျှောက်ထားမှသာ ပြန်လည်သုံးသပ်ပေးမည်။

(ဂ) ပြန်လည်သုံးသပ်ရန် လျှောက်ထားလွှာနှင့်အတူ ကြိုတင်သတ်မှတ်ချက် မူရင်း၊ ခိုင်လုံသော အထောက်အထားများ ပြည့်စုံစွာ တင်ပြခြင်း ရှိ/ မရှိ စိစစ်ရမည်။

ပြည့်စုံမှုမရှိပါက ရက်ပေါင်း(၁၄)ရက်အတွင်း တင်ပြရန် တောင်းခံရမည်။ တင်ပြနိုင်ခြင်းမရှိလျှင် ပြန်လည်သုံးသပ်ခြင်း မပြုရ။

(ဃ) ညွှန်ကြားရေးမှူးချုပ်၏ ပြန်လည်သုံးသပ်သည့် ပြင်ဆင်ချက် (သို့မဟုတ်) အတည်ပြုချက်ကို လျှောက်ထားသူထံ အသိပေးအကြောင်းကြားရမည်။

(င) ပြန်လည်သုံးသပ်ရန် လျှောက်ထားသည့် ကိစ္စရပ်များတွင် လျှောက်ထားချက် လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း(၃၀) အတွင်း ပြန်ကြားရမည်။

(စ) Computer Database တွင်လည်း ပြင်ဆင်ချက်ကို ပြန်လည်ဖြည့်သွင်းရမည်။

(ဆ) ပြင်ဆင်မှုပြုလုပ်ပြီးနောက် လျှောက်ထားသူက ပြန်လည်အပ်နှံသည့် မူလကြိုတင် သတ်မှတ်ချက်အား စနစ်တကျ သိမ်းဆည်းထားရမည်။

**ပြင်ဆင်ခြင်းနှင့် ပြန်လည်ရုပ်သိမ်းခြင်း**

၆။ ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ် (ရုံးချုပ်)မှ သတ်မှတ်ထားသော HS Code အား အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ပါက ပြင်ဆင်ခြင်း (သို့မဟုတ်) ပြန်လည်ရုပ်သိမ်းခြင်း ပြုလုပ်ရမည်-

(က) ကမ္ဘာ့အကောက်ခွန်နှင့် အာဆီယံစည်းဝါးညီ အကောက်ခွန်နှုန်း အမည်ပေးစနစ် ပြင်ဆင်ခြင်းကြောင့်ဖြစ်စေ၊ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုနှင့် စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းကြောင့်ဖြစ်စေ ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ကို ပြင်ဆင်ခြင်း (သို့မဟုတ်) ရုပ်သိမ်းခြင်း ပြုရမည်။

(ခ) ယင်းသို့ ပြင်ဆင်လျှင် ပြင်ဆင်ရသည့် အကြောင်းအရင်းကို ဖော်ပြ၍ ပြင်ဆင် သတ်မှတ်သည့် HS Code ကို လျှောက်ထားသူထံသို့ ပေးပို့အကြောင်းကြားရမည့်အပြင် ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲနှင့် သက်ဆိုင်ရာ နယ်မြေ အကောက်ခွန်ရုံးများသို့ ပေးပို့ရမည်။

**သွင်းကုန်ကြေငြာလွှာ တင်သွင်းချိန်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်**

၇။ ထုတ်ကုန်သွင်းကုန်ကြီးကြပ်ရေးဌာနခွဲနှင့် နယ်မြေအကောက်ခွန်ရုံးများမှ အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ရမည်-

(က) သွင်းကုန်ကြေငြာလွှာတွင် ကြေငြာထားသော ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက်ပါ ကုန်ပစ္စည်းဆိုင်ရာ အချက်အလက်များနှင့် ကိုက်ညီမှန်ကန်မှု ရှိ/ မရှိ စိစစ်ရမည်။

(ခ) (၃)နှစ် ကျော်လွန်သော ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက် (ARC Form ) များကို လက်ခံစစ်ဆေးခြင်းမပြုရ။

(ဂ) သက်တမ်း (၃) နှစ်ကို ပြန်ကြားချက် (ARC Form) အကြောင်းကြားသည့် ရက်စွဲ (Reply Date) မှစ၍ ရေတွက်ရမည်။

(ဃ) တင်သွင်းလာသော ကုန်ပစ္စည်းသည် ပြင်ဆင် (သို့မဟုတ်) ရုပ်သိမ်းထားသော ကုန်ပစ္စည်းဟုတ်/မဟုတ်ကို ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်းဌာနစိတ်(ရုံးချုပ်) မှ ပေးပို့လာသော HS Code အကြောင်းကြားစာနှင့် Webpage တွင် စိစစ်ရမည်။

(င) ကြိုတင်သတ်မှတ်ချက်ပါ HS Code ကို ပြင်ဆင်မှုရှိပါက ပြင်ဆင်ထားသည့် HS Code ဖြင့်သာ သတ်မှတ်ဆောင်ရွက်ရမည်။

(စ) မူလသတ်မှတ်ချက်ပါ အကြောင်းအရာများနှင့်ပတ်သက်၍ အငြင်းပွားမှု ပေါ်ပေါက်ပါက ညွှန်ကြားရေးမှူးချုပ်ထံ တင်ပြရမည်။

(ဆ) WCO နှင့် AHTN ပြင်ဆင်ပြောင်းလဲမှုများကြောင့် ယခင်ထုတ်ပေးထားသော ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှု ကြိုတင်သတ်မှတ်ချက် (ARC Form) အား ပြင်ဆင်မှု ပြုလုပ်ပါက ပြင်ဆင်မှုပြုထားသည့် ကြိုတင်သတ်မှတ်ချက် (ARC Form) ကိုသာ လက်ခံဆောင်ရွက်ရမည်။

(ဇ) အကောက်ခွန်အရာရှိသည် ကုန်ပစ္စည်းအမျိုးအစားခွဲခြားမှုနှင့်စပ်လျဉ်း၍ အဓိပ္ပာယ်ကောက်ယူမှု လွဲမှားခြင်းကြောင့် ကြိုတင်သတ်မှတ်ချက် (ARC Form) ကို ပြင်ဆင်ခြင်းပြုလုပ်ပါက ပြင်ဆင်မှုပြုထားသည့် ကြိုတင်သတ်မှတ်ချက် (ARC Form) ကိုသာ လက်ခံဆောင်ရွက်ရမည်။

(ဈ) MACCS စနစ်ဖြင့် သွင်းကုန်ကြေငြာလွှာလျှောက်ထားရာတွင် အတည်ပြုပြီး ကြိုတင်သတ်မှတ်ချက်မူရင်း (ARC Form) အား Attached File တွဲကာ Online စနစ်ဖြင့်လျှောက်ထားနိုင်သည်။

၈။ ဤရုံးတွင်းညွှန်ကြားလွှာပါ လုပ်ထုံးလုပ်နည်းများအား ၁၄-၁၀-၂၀၁၆ ရက်နေ့မှစ၍ သိရှိ လိုက်နာဆောင်ရွက်သွားရန် ညွှန်ကြားလိုက်သည်။

ကျော်ဆင်
ညွှန်ကြားရေးမှူးချုပ်

ကအမှတ်၊ ၃၃ - ၀ထ / ၂၀၁၇ ( ၇၀ )
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ [illegible] ရက်